**ကလေးများအား ကျောင်းမှလာရောက်ခေါ်ယူခြင်း/ကျောင်းကြိုခြင်းဆိုင်ရာမူဝါဒ**

Brainworks-Total Group of schools သည် ကျောင်းသားများ၏ဘေးကင်းလုံခြုံမှုကို ပထမဦးစားပေးအဖြစ် သတ်မှတ်ထားသည်။ ကျွန်ုပ်တို့တွင် မည်သူသည်ကလေးကိုခေါ်ယူပိုင်ခွင့်ရှိပြီး မည်သူကခေါ်ယူပိုင်ခွင့်မရှိကြောင်း၊ ကလေးကိုနောက်ကျမှလာရောက်ခေါ်ယူသည့်အခါ လုပ်ထုံးလုပ်နည်းများနှင့် ကလေးကိုလာရောက်မခေါ်ယူပါက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းစွာဖော်ပြထားသောမူဝါဒတစ်ရပ်ရှိသည်။

**လုပ်ထုံးလုပ်နည်းများ**

- ❖ ကျောင်းသားအသစ်အဖြစ်အပ်နှံထားသူများ၏မိဘများသည် ၎င်းတို့ကလေး၏စောင့်ရှောက်မှုဆိုင်ရာ တရားဝင်အချက်အလက်များကိုဖော်ပြရမည်ဖြစ်ပြီး သက်ဆိုင်ရာစာရွက်စာတမ်းများကိုပြသရန်လိုအပ်သည်။ ထိုသို့မပြုလုပ်ပါက (သို့မဟုတ်) ကလေးကိုတရားမဝင်ခေါ်ယူသွားပါက ကျောင်းအနေဖြင့်တာဝန်ယူမည်မဟုတ်ပါ။
- ❖ တစ်ခါတစ်ရံတွင် မိဘများ (သို့မဟုတ်) ပုံမှန်အားဖြင့်ကလေးကိုခေါ်ယူပိုင်ခွင့်ရှိသူများမှ လာရောက်ခေါ်ယူနိုင်ခြင်းမရှိပါက၊ ၎င်းတို့အနေဖြင့်ကလေးကိုလာရောက်ခေါ်ယူမည့်သူ၏ အမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်ကို စာဖြင့်ရေးသားပြီးကျောင်းသို့ပေးပို့ရမည်။ ထိုသူသည် ၎င်း၏အမည်နှင့်ကိုက်ညီကြောင်းအတည်ပြုနိုင်ရန် NRC (သို့မဟုတ်) အခြားမှတ်ပုံတင်အမှတ်အသားပြသရန်လိုအပ်သည်။
- ❖ မိဘများသည်၎င်းတို့၏ကလေးကို အစီအစဉ်အတိုင်းလာရောက်ခေါ်ယူနိုင်ခြင်းမရှိပါက ကျောင်းသို့အသိပေးရမည်။ ထိုသို့အသိပေးပါက ကျောင်းအနေဖြင့်မိဘများရောက်ရှိလာသည်အထိ ကလေးကိုစောင့်ရှောက်ထားရန် စီစဉ်ဆောင်ရွက်ပေးမည်။
- ❖ အကယ်၍ ကလေးတစ်ဦးကိုကျောင်းဆင်းချိန်အပြီးတွင် လာရောက်ခေါ်ယူခြင်းမရှိပါက၊ ကျွန်ုပ်တို့အနေဖြင့် အောက်ပါနည်းလမ်းများဖြင့် မိဘ/အုပ်ထိန်းသူကိုဆက်သွယ်ရန်ကြိုးစားမည်။
    - ကျောင်းအပ်နှံစဉ်ကမှတ်ပုံတင်ထားသော အိမ်လိပ်စာနှင့်ဖုန်းနံပါတ်။
    - မိဘ/အုပ်ထိန်းသူ၏ အလုပ်နေရာ၊ လိပ်စာနှင့် ဖုန်းနံပါတ် (သက်ဆိုင်ပါက)။
    - ကလေးများကိုလာရောက်ခေါ်ယူသူများသည် အသက်(၁၈)နှစ် ပြည့်ပြီးသူဖြစ်ရမည်ဖြစ်ပြီး မှတ်ပုံတင်အမှတ်အသား (ဓာတ်ပုံပါ) ပြသရန်လိုအပ်သည်။ အထူးအခြေအနေများတွင်သာလျှင် မိဘ/အုပ်ထိန်းသူ၏ စာဖြင့်ခွင့်ပြုချက်ဖြင့်အသက်ငယ်သူတစ်ဦးအား ကလေးကိုခေါ်ယူခွင့်ပြုကောင်းပြုမည်။